မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

April 8 , 2024 Volume 77, Number 6

၈.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၂၈၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၄.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၇.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၀.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၁.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၃၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၃၀၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၂.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၅၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အောင်မင်္ဂလာဆိပ်ကမ်း၌ ပြည်ပပို့ကုန် မွေးမြူရေးငါးများ သဘော်တင်နေမှုအား ကြည့်ရှုစစ်ဆေးခြင်း



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ၇.၄.၂၀၂၄ နေ့ နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းဝန်းရှိ ကုန်သွယ်ရေးဦးစီးဌာန၏ Commerce Journal ပုံနှိပ်တိုက်သို့ရောက်ရှိ၍ ကုန်သွယ်မှုဆိုင်ရာစာစောင်များ၊ အသိပညာပေးစာစောင်များနှင့်ဂျာနယ်များအား ပုံနှိပ်ထုတ်ဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာထည့်သွင်းဖော်ပြနိုင်ရေး အလေးထားဆောင်ရွက်ရန်၊ စောင်ရေတိုးချဲ့ရိုက်နှိပ်ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်ရန်နှင့် မီးဘေးအန္တရာယ်လုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ရန်တို့ကိုမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ်၊ အောင်မင်္ဂလာဆိပ်ကမ်းတွင် မအူပင်မြို့နယ်နှင့်တွံတေးမြို့နယ်တို့ရှိ ပြည်တွင်းဖူလုံ၍ ဈေးနှုန်းတည်ငြိမ်မှုရှိအောင်ဆောင်ရွက်ပြီး ပိုလျှံသည့်ငါးမြစ်ချင်းနှင့်ငါးသိုင်းခေါင်းပွ မွေးမြူရေးငါးများအား ပြည်ပသို့တင်ပို့ရန် သဘော်တင်နေမှုအခြေအနေများကို သွားရောက်စစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စု

ဝန်ကြီးက ပို့ကုန်လုပ်ငန်းဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီမှုရှိစေရေးအတွက် ဌာနဆိုင်ရာ One Stop Services (OSS) အဖွဲ့မှ စနစ်တကျစစ်ဆေး ဆောင်ရွက်ရန်၊ ပို့ကုန်ငါးများအား အချိန်တိုအတွင်း သဘော်တင်နိုင်ရေးဆောင်ရွက်ရန်၊ ငါးအရည်အသွေးကောင်းမွန်စေရန်နှင့် အလေးချိန်မှန်ကန်စေရန် အလေးထားဆောင်ရွက်ရန်၊ ပြည်ပဈေးကွက်အသစ်တိုးချဲ့ ရှာဖွေတင်ပို့နိုင်ရန်နှင့် ပင်လယ်ရေကြောင်း ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

**Source:** https://www-commerce-gov-mm.translate.goog/my/a

## တံတားဦးမြို့နယ် ဇီးပင်ကွေ့ကျေးရွာ၌ စိုက်ပျိုးထားသော မေမြို့ပန်းများ အောင်မြင်ဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဇီးပင်ကွေ့ကျေးရွာ၌ စိုက်ပျိုးထားသော မေမြို့ပန်းများ အောင်မြင်ဖြစ်ထွန်းကာ ဈေးကောင်းရရှိကြောင်း ဇီးပင်ကွေ့ကျေးရွာမှ မေမြို့ပန်းစိုက်ပျိုးသူများ၏ ပြောပြချက်အရသိရသည်။ ဇီးပင်ကွေ့ကျေးရွာ၌ စားဖိုဆောင်သီးနှံများအပြင် မေမြို့ပန်းနှင့်အောင်သပြေပန်းတို့ကိုပါ စမ်းသပ်စိုက်ပျိုးလျက်ရှိရာ လက်ရှိတွင် မေမြို့ပန်းများ အောင်မြင်ဖြစ်ထွန်းပြီး လှိုင်လှိုင်ထွက်ရှိနေပြီဖြစ်သည်။

မေမြို့ပန်းသည် မြေပွ၍ သဲ၊ နုန်းဆန်သော မြေဆီလွှာကို ပိုမိုနှစ်သက်ပြီး အထွက်နှုန်းလည်းကောင်းမွန်သဖြင့် ယခုနှစ်တွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးသူများလာကြောင်း၊ ထို့ပြင် ပန်းဈေးကွက်မှာလည်း ယခင်နှစ်ကထက် ပိုမိုကောင်းမွန်ပြီး ဆယ်ပွင့်ပါ ပန်းတစ်စည်းလျှင် ငွေကျပ် ၂၅၀၀ အထိ ဈေးကောင်းရရှိနေသောကြောင့် ပန်းစိုက်တောင်သူများ အဆင်ပြေကြောင်းသိရသည်။

ယခုအခါ နေအလွန်ပူပြင်းသဖြင့် အဖူး၊ အပွင့်များ နေမလောင်စေရန် အထူးဂရုပြုရကြောင်း၊ အပူချိန်ပြင်းချိန်တွင် ရေမလောင်းရဘဲ ညနေခင်းနေအေးချိန်မှသာ ရေလောင်းခြင်း၊ ပေါင်းရှင်းခြင်း၊ ပိုးကောင်လေးများကို ဖယ်ရှားရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်းများ ဆောင်ရွက်ရကြောင်း၊ မေမြို့ပန်းများကို ဖောက်သည်များက စိုက်ခင်းများအထိ လာရောက်ဝယ်ယူကြကြောင်း သိရသည်။

**Source:** https://www.myawady.net.mm

**https://myantrade-gov-mm.translate.goog/article/na**

## ပြည်ပပို့ကုန် အလားအလာရှိသောထုတ်ကုန် ထောပတ်သီးဈေးကွက်အလားအလာအား ရှင်းလင်းတင်ပြခြင်း ဆွေးနွေးပွဲ ပြုလုပ်ခြင်း





စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ MSMEs ထွက်ကုန်များ၏ ပြည်ပဈေးကွက်ရှာဖွေရေး Talk Show ပြုလုပ်ရန် လမ်းညွှန်ချက်နှင့်အညီ၊ ပြည်ပပို့ကုန်အလားအလာရှိသောထုတ်ကုန် ထောပတ်သီးဈေးကွက်

အလားအလာအား ရှင်းလင်းတင်ပြခြင်းဆွေးနွေးပွဲကို ၅-၄-၂၀၂၄ ရက်နေ့၊ နေ့လည် ၁ နာရီ ၃၀ မိနစ်အချိန်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးအမှတ်(၃)၊ အစည်းအဝေးခန်းမ၌ (Virtual System)ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံး၊ တာဝန်ခံများ စုစုပေါင်း (၂၅)ဦး တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့၊ တာဝန်ခံက ရှမ်းပြည်နယ်၏ ပြည်ပပို့ကုန်အလားအလာရှိသောအမည်ဖြစ်သည့် ထောပတ်သီးပို့ကုန် ဈေးကွက်အလားအလာအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆွေးနွေးပွဲတက်ရောက်လာသူများမှ သိရှိလိုသည်များအား အထွေထွေဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲကို ညနေ ၃ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့သည်။

Source: မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

https://myantrade-gov-mm.translate.goog/article/Naypyitaw_0504

## ပဲထောပတ်ဈေးကျဆင်းလာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သည့် ဂန့်ဂေါ၊ ဆော၊ ယောစသည့်ဒေသများမှ ပဲထောပတ်ကို ကျွန်းစိုက်နှင့်ယောစိုက်ဟူ၍ နှစ်မျိုးစိုက်ပျိုးကြသည်။ ယောဒေသထွက် ပဲထောပတ်သီးနှံသည် ကျွန်းစိုက်ပဲထောပတ်သီးနှံထက် ဈေးပိုရသည်ကိုတွေ့ရသည်။ ပဲထောပတ်သီးနှံသည် ဇန်နဝါရီလမှ စတင်ပေါ်ထွက်ခဲ့ရာ ကုန်စည်ဒိုင်သို့တစ်ရက်လျှင် အိတ်ရေ ၄,၀၀၀ မှ ၅,၀၀၀ ကြားဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ပဲထောပတ်များကို မန္တလေးသို့တင်ပို့ရောင်းချကြောင်း သိရှိရသည်။

ပဲထောပတ်ပေါ်စတွင် ပဲထောပတ်တစ်တင်းလျှင် ကျပ် ၁၂၅,၀၀၀ဈေးအထိရရှိခဲ့ပြီး နောက်ပိုင်းတွင် တဖြည်းဖြည်း ဈေးကျဆင်းလာကာ မတ်လကုန်ရက်တွင် ပဲထောပတ်တစ်တင်း ကျပ် ၁၀၀,၀၀၀ အထိ အနည်းငယ် ဈေးပြန်တက်လာသော်လည်း ယခုဧပြီလဆန်းပိုင်းတွင် ပဲထောပတ်တစ်တင်း ၈၈,၀၀၀ ကျပ် ဈေးသာရရှိတော့သည့်အတွက် ဈေးကျဆင်းလာ သည်ကို ကုန်စည်ဒိုင်ဈေးနှုန်းများအရ သိရသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

**https://myantrade-gov-mm.translate.goog/article/naypyitaw_**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ပုစွန်မျိုးစုံပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ပုစွန်မျိုးစုံပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နွေးနွေးက ပြောပြ၍သိရသည်။

ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းများသည် ဒေသမှထွက်ရှိသည့်ပုစွန်များကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီလက ပုစွန်မျိုးစုံ ပိဿာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ပုစွန်မျိုးစုံ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်က ဖျာပုံမြို့နယ် ရေထွက်ကုန်တွေတင်ပို့ရောင်းချတဲ့ ဈေးကွက်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့မတ်လအတွင်း ပုစွန်မျိုးစုံ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ရန်ကုန်ဈေးကွက်က ဖျာပုံမြို့နယ်ကပုစွန်တွေ အား

ကောင်းနေတာကြောင့် တင်ပို့ရောင်းချအားကလဲ တက်ခဲ့တာပါ။ မတ်လအတွင်း ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ထဲကို ကုန်ချိန်များများ တင်ပို့ရောင်းချခဲ့ရတာကြောင့် ရေထွက်ပစ္စည်းတွေတင်ပို့ရောင်းချတဲ့သူတွေလဲ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိလာပါတယ်" ဟု ဒေါ်နွေးနွေးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဈေးနှုန်းများသည် ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၆,၅၀၀ မှ ၁၈,၅၀၀၊ ပုစွန်ဆိတ်သေး တစ်ပိဿာလျှင် ငွေကျပ် ၁၄,၅၀၀ မှ ၁၆,၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၆,၅၀၀ မှ ၁၇,၅၀၀၊ ပုစွန်တုပ် တစ်ပိဿာလျှင် ငွေကျပ် ၃၀,၅၀၀ မှ ၃၅,၅၀၀ စသည်ဖြင့် အရွယ်အစားအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

https://myantrade-gov-mm.translate.goog/article/naypyitaw_

## ကရင်ပြည်နယ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံ ဈေးနှုန်း/ဈေးကွက်အခြေအနေ

ကရင်ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ်၊ ဧပြီလပထမပတ်အတွင်း ပဲမျိုးစုံဈေးနှုန်းများမှာ ပဲဖြူလေး ၆,၀၀၀ ကျပ်၊ ပဲလွန်းဖြူ ၂,၈၀၀ ကျပ်၊ ပဲပုပ် ၂,၇၀၀ ကျပ်၊ ပဲလွန်းမည်း (မဲ) ၂,၈၀၀ ကျပ်၊ ပဲတီစိမ်း(ရွှေဝါ) ၃,၅၀၀ ကျပ်၊ မတ်ပဲ ၄,၂၀၀ ကျပ်၊ ပဲနောက် ၃,၀၀၀ ကျပ်၊ မြေပဲဆန် ၆,၉၀၀ ကျပ်၊ ကိုင်း နှမ်း ၆,၅၀၀ ကျပ်၊ တောင်ယာနှမ်း ၈,၅၀၀ ကျပ် ဈေးနှုန်းဖြစ်ပေါ်နေကြောင်း ဘားအံမြို့၊ မြို့မဈေးရှိ စမ်းသီတာ (ပဲရောင်းဝယ်ရေးလုပ်ငန်း)နှင့် ကမ်းနားလမ်းရှိ (ရွှေကံထူးပွဲရုံ) တို့မှ သိရသည်။ မတ်လ နောက်ဆုံးပတ် အတွင်း ပဲဖြူလေး ၁ ပိဿာ ၆,၀၀၀ ကျပ်၊ ပဲလွန်းဖြူ ၁ ပိဿာ ၂,၈၀၀ ကျပ်၊ ပဲပုပ် ၁ ပိဿာ ၂,၇၀၀ ကျပ်၊ ပဲလွန်းမဲ ၁ ပိဿာ ၂,၈၀၀ ကျပ်၊ ပဲတီရွှေဝါ ၁ ပိဿာ ၃,၅၀၀ ကျပ်၊ မြေပဲဆန် ၁ ပိဿာ ၇,၀၀၀ ကျပ်၊ ကိုင်းနှမ်း ၁ ပိဿာ ၆,၅၀၀ ကျပ်၊ တောင်ယာနှမ်း ၁ ပိဿာ ၈,၅၀၀ ကျပ် ဈေးနှုန်းရှိကြောင်း သိရှိရပါသဖြင့် ယခုအပတ်နှင့်နှိုင်းယှဉ်ပါက နှမ်းဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိပြီး၊ ဘားအံမြို့သို့ ပဲမျိုးစုံဝင်ရောက်လျက်ရှိကြောင်း ဈေးကွက်စုံစမ်းမှုအရ သိရသည်။

**Source: ကရင်ပြည်နယ်ဦးစီးမှူးရုံး**

https://myantrade-gov-mm.translate.goog/article/naypyitaw_5

## ဈေးပြန်လည်မြင့်တက်လာတဲ့ ပဲစင်းငုံ

ပဲစင်းငုံသီးနှံသည် မတ်လကုန်မှစ၍ ဈေးကျဆင်းလာရာမှ ဧပြီလဆန်းပိုင်းတွင် လှောင်လက်သမားများ၏ ဝယ်လိုအားကြောင့် ဈေးပြန်လည်မြင့်တက်လာခဲ့သည်။ မြန်မာ့ပဲစင်းငုံသည် အိန္ဒိယမှ ဝယ်လိုအားကောင်းသော အဓိကသီးနှံဖြစ်တဲ့အတွက် အိန္ဒိယဝယ်လိုအားပေါ်မူတည်၍ ဈေးနှုန်းအတက်အကျဖြစ်နေပြီး ပို့ကုန်သီးနှံအားလုံး အမြင့်ဈေးဖြင့် အရောင်းအဝယ် သွက်လာနိုင်ကြောင်း ကုန်သည်တစ်ဦးထံမှ သိရသည်။

မတ်လနောက်ဆုံးပတ်တွင် ပဲစင်းငုံ ၂၀ ပိသာ တစ်တင်းလျှင် ကျပ် ၁၁၈,၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ဧပြီလ ပထမပတ်တွင် ကျပ် ၁၂၂,၀၀၀ ဈေးအထိ မြင့်တက်လာခဲ့ရာ မတ်လနောက်ဆုံးပတ်နှင့်ဧပြီလပထမပတ်တို့ နှိုင်းယှဉ်ပါက ပဲစင်းငုံ ၂၀ ပိသာ တစ်တင်းလျှင် ကျပ် ၄,၀၀၀ မြင့်တက်ခဲ့ကြောင်း သိရသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

**https://myantrade-gov-mm.translate.goog/article/naypyitaw_5042**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၅,၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ် စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်း

တွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့မှ ဧပြီလ ၂၁ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅,၂၅၀ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**Source: https://www-commerce-gov-mm.translate.goog/my/article**

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၄၅ ဒသမ ၆၆ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၆ သန်းကျော် တင်ပို့ရောင်းချပေးခဲ့



၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၈၄၅ ဒသမ ၆၆ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၆ သန်းကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ပြည်တွင်းတွင် စားသုံးမှုနည်းပါးနေသည့် ဆန်ကွဲ၊ ပေါင်းဆန်နှင့် တန်းမြင့်ဆန်များကဲ့သို့ ဆန်နှင့်ဆန်ကွဲများကိုသာ လစဉ်တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချရာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လကုန်ထိ တစ်နှစ်တာကာလအတွင်းတွင် အမေရိကန်ဒေါ်လာ ၈၄၅ ဒသမ ၆၆ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၆ သန်းကျော်သာတင်ပို့ရောင်းချပေးခဲ့ရကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရောင်းချပေးခဲ့ရာတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အများဆုံးတင်ပို့ရောင်းချပေးခဲ့ရပြီး ၂၀၂၄ ခုနှစ် မတ်လတွင် ဒုတိယအများဆုံးနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် တတိယအများဆုံး တင်ပို့ရောင်းချပေးခဲ့ရကြောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကန်ဒေါ်လာ ၁၃၉ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၆၂,၁၁၆ တန်ဖြင့် အများဆုံး၊ ၂၀၂၄ ခုနှစ် မတ်လတွင် အမေရိကန်ဒေါ်လာ ၁၃၃ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၅၇,၀၃၇ တန်ဖြင့် ဒုတိယအများဆုံးနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ သန်း ၁၁၀ တန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၁၃,၆၀၅ တန်ဖြင့် တတိယအများဆုံး တင်ပို့ရောင်းချပေးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

**https://myantrade-gov-mm.translate.goog/article/naypyitaw_08042024_1008?_**

# STOCK EXCHANGE (8.4.2024)

STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 8th Apr, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,118 (Shares) | 17,390,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | -100 | -1.19% | 8,400 | 8,500 | 8,300 | 914 | 7,629,000 | 33,109,694 | 274,811 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,850 | 2,900 | 2,850 | 1,457 | 4,160,200 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +200 | +2.60% | 7,900 | 7,900 | 7,900 | 5 | 39,500 | 10,400,986 | 82,168 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 200 | 300,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,600 | +100 | +4.00% | 2,600 | 2,600 | 2,600 | 180 | 468,000 | 12,823,224 | 33,340 |
| EFR | 00006 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 230 | 392,500 | 19,977,223 | 33,961 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 21 | 96,600 | 10,497,598 | 48,289 |
| MAEX | 00008 | 2,050 | +250 | +13.89% | 1,800 | 2,050 | 1,800 | 2,111 | 4,304,800 | 23,804,946 | 48,800 |

**Block trading**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 8th Apr, 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.83 | +1.62 | +0.45% | 356.17 | 363.37 | 356.17 | 5,118 | 17,390,600 | 8 | 676,814 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 8th Apr, 2024

| Trading Volume | Trading Value |
|---|---|
| 5,118 (Shares) | 17,390,600 (MMK) |

## Main Board

As of 1:00 pm, 8th Apr, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,118 (Shares) | 17,390,600 (MMK) |

| MYANPIX | 358.83 ▲ 1.62 |
|---|---|
| Total Volume (shares) | 5,118 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 676,814 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▼ 100 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 200 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 100 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 2,050 | ▲ 250 |